http://www.dhammadownload.com



ကို ဆင်ခြင်လျက် ဝိပဿနာရှုး၏။ ထိုစဉ်အခိုက်တွင် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှပင် တန်ခိုးတော်ဖြင့် ထိုရဟန်းအား အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဒေသနာတော်

၄၇။ ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးနေသောသူကဲ့သို့ ကာမဂုဏ်တို့၌ လွန်စွာကပ်ငြိတွယ်တာစိတ်ရှိနေသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသော ရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် ယူဆောင်သွား၏။

## ဝိဋူဋဘ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ဝိဋူဋဘမင်းနှင့်တကွ စစ်သည်ဗိုလ်ပါ အပေါင်းတို့ အစိရဝတီမြစ်ရေ၌ မျောပါသေဆုံးရခြင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ ပသေနဒီကောသလမင်း၊ ဝေသာလီမြို့တော်မှ မဟာလိမည်သော လိစ္ဆဝီမင်းသား၊ မလ္လတိုင်းမှ ဗန္ဓုလတို့သည် တက္ကသိုလ်မြို့တော်၌ အတူတကွ ပညာသင်ခဲ့ကြသော မိတ်ဆွေရင်းချာများ ဖြစ်ကြ၏။ တက္ကသိုလ်မြို့တော်မှ ပညာတတ်မြောက်ကြ၍ ပြည်တော်ပြန်ကြသောအခါ ပသေနဒီ ကောသလမင်းသားအား ခမည်းတော် မဟာကောသလမင်းကြီးက ထီးနန်းလွှဲအပ်ပေး၏။ လိစ္ဆဝီမင်းသား မဟာလိမှာကား တပည့်များအား အတတ်ပညာသင်ပေးရာတွင် အလွန်အမင်း အားစိုက်မိသဖြင့် မျက်စိနှစ်ဖက်စလုံး ကွယ်သွား၏။ တပည့်မင်းသားများက သူ့အား အခွန်တစ်သိန်းထွက်သော မြို့တံခါးအနီးမှ ရွာကြီးတစ်ရွာကိုပေးကာ စောင့်ရှောက်ထားကြ၏။ ဗန္ဓုလသည်လည်း မိမိနေရပ်သို့ပြန်ရောက်လျှင် မိမိစွမ်းအားသတ္တိကို ပြလျက်ရှိနေ၏။ တစ်နေ့သောအခါ သူ့အစွမ်းသတ္တိကို စမ်းလိုသော မလ္လမင်းသားများက ဝါးအလုံးခြောက်ဆယ်ကို တစ်စုတည်း စည်းပြီးလျှင် တစ်ချက်တည်း ခုတ်ဖြတ်ရန် တိုက်တွန်းကြ၏။ ဗန္ဓုလသည် အတောင်ရှစ်ဆယ်မျှ ကောင်းကင်သို့ ခုန်တက်ပြီးလျှင် ဝါးစည်း

http://www.dhammadownload.com



ကို သန်လျက်ဖြင့် တစ်ချက်တည်းခုတ်လိုက်ရာ နောက်ဆုံးအလုံးအရောက်တွင် ကျွိခနဲအသံထွက်သွား၏။ အသံထွက်ရသည်မှာကား ဝါးအလုံးခြောက်ဆယ်တို့တွင် သံချောင်းများ ထိုးထည့်ထားသောကြောင့် ဖြစ်လေသည်။

ဤအဖြစ်သိရသောအခါ ဗန္ဓုလသည် သန်လျက်ကို ပစ်လွှတ်ပြီးလျှင် "ဤမျှလောက် များပြားလှသော ငါ၏ဆွေမျိုးများ၊ မိတ်ဆွေများတွင် တစ်ယောက် တလေမျှ ငါ့ကိုမချစ်ကြကုန်။ ငါ့ကိုသာ ဤအကြောင်းကို ပြောပြထားပါလျှင် အသံမမြည်အောင် ခုတ်နိုင်မည်သာတည်း"ဟု ပြောဆိုငိုကြွေး၏။ ထို့နောက် မလ္လ မင်းညီမင်းသားအားလုံးကို သတ်ဖြတ်၍ မင်းပြုရန် တိုင်ပင်သောအခါ ခမည်း တော်၊ မယ်တော်တို့က တားမြစ်သဖြင့် သာဝတ္ထိမြို့တော်သို့ ထွက်ခွာလာခဲ့၏။ ပသေနဒီကောသလမင်းသည် မိတ်ဆွေရင်းချာ ဗန္ဓုလကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပြီးလျှင် စစ်သူကြီးအရာကို ပေးလေသည်။

ဗန္ဓုလစစ်သူကြီးသည် မိဘများနှင့်တကွ မယားဖြစ်သူ မလ္လိကာတို့ကိုပါ သာဝတ္ထိမြို့တော်သို့ ခေါ်ယူပြီးလျှင် အတူတကွနေထိုင်ကြ၏။ ကာလကြာမြင့်စွာ ပေါင်းသင်းခဲ့ပါသော်လည်း မလ္လိကာတွင် သားသမီး မပေါ်ပေါက်သဖြင့် ဗန္ဓုလက အိမ်မှ နှင်ချ၏။ မလ္လိကာသည် မိဘရပ်ဌာန် ကုသိနာရုံမြို့သို့ ပြန်မည်အပြုတွင် ဘုရားရှင်ထံဝင်၍ ရှိခိုးကန်တော့၏။ ဘုရားရှင်ကမေးတော်မူသဖြင့် မလ္လိကာက သွားရခြင်းအကြောင်းကို လျှောက်ထားလေရာ "မလ္လိကာ၊ ထိုသို့ဖြစ်လျှင် သွားဖွယ် မရှိပြီ၊ အိမ်သို့ပြန်၍နေလေလော့"ဟု မိန့်တော်မူ၏။ မိန့်တော်မူထားသည့်အတိုင်း မလ္လိကာတွင် ကိုယ်ဝန်ရှိလာသည်။ ထိုအခါ ဝေသာလီမြို့တော်မှ လိစ္ဆဝီမင်းညီ မင်းသားများ၏ အဘိသိက် မင်္ဂလာရေကန်သို့ဆင်း၍ ရေချိုးပြီးလျှင် ရေကိုလည်း သောက်လိုသော ချင်ခြင်းတပ်လာလေသည်။

ထိုအကြောင်းကို ဗန္ဓုလသိရှိသောအခါ မလ္လိကာကို ရထားဖြင့်တင်၍ ခေါ်လာခဲ့၏။ မဟာလိစ္ဆဝီ၏ အိမ်အနီးရှိ တံခါးမှဝင်လာခဲ့ရာ တံခါးတိုင်ကို ရထား ဝင်ရိုးစွန်းဖြင့် တိုက်မိခဲ့၏။ မဟာလိစ္ဆဝီသည် "ဤအသံကား ဗန္ဓုလ၏ရထား သံတည်း။ ယနေ့ လိစ္ဆဝီမင်းတို့ ဘေးတွေ့လတ္တံ့"ဟု ပြောဆို၏။ လိစ္ဆဝီမင်းအပေါင်း က ဘိသိက်မင်္ဂလာပြုရာ ရေကန်ကို အစောင့်အကြပ်ထူထပ်စွာ ချထား၏။ ငှက် တစ်ကောင်မျှ ဝင်၍မရနိုင်အောင် သံကွန်ရက်မိုးထား၏။ ဗန္ဓုလသည် ရထားမှ ဆင်းပြီးလျှင် အစောင့်အကြပ်တို့ကို ကြိမ်ဖြင့်ရိုက်၍ ဖယ်ရှားပြီးလျှင် သံကွန်ရက်

http://www.dhammadownload.com



များကို သန်လျက်ဓားဖြင့် ဖြတ်တောက်လိုက်၏။ ထို့နောက် မလ္လိကာအား စိတ်တိုင်းကျ ရေချိုးစေ သောက်စေပြီးလျှင် လာလမ်းအတိုင်း ပြန်ထွက်လာလေသည်။

ဤအကြောင်းကို အစောင့်အကြပ်တို့က တင်လျှောက်သဖြင့် လိစ္ဆဝီမင်းတို့သည် ဒေါသတကြီးဖြင့် ရထားစီးကာ ထွက်လာခဲ့ကြ၏။ မဟာလိစ္ဆဝီမင်းက "မလိုက်ကြကုန်လင့်၊ မလိုက်ကြကုန်လင့်။ ဗန္ဓုလသည် သင်တို့အားလုံးကို သတ်လိမ့်မည်တည်း"ဟု တားမြစ်၏။ လိစ္ဆဝီမင်းတို့ကား မဟာလိစကားကို လက်မခံဘဲ ဆက်၍လိုက်လာကြ၏။ မလ္လိကာသည် "အရှင်၊ နောက်က ရထားများ လိုက်လာပြီ" ဟုဆိုရာ ဗန္ဓုလက "ရထားအားလုံး တစ်တန်းတည်းဖြစ်၍ တစ်စီးကဲ့သို့ မြင်ရသောအခါ ပြောကြားလော့" ဟု ဆို၏။ ရထားငါးရာတို့ တစ်တန်းတည်း ရှိနေကြသောအခါ ဗန္ဓုလသည် ရထားကြိုးကို မလ္လိကာထံပေးကာ ဗိုလ်ခြေတစ်ထောင် လေးကြိုးကို လေးညို့တင်လိုက်၏။ ထိုစဉ်တွင် မိုးချုန်းသံကဲ့သို့ မြည်ဟိန်းကာ ရထားဘီးတစ်ဝက် မြေသို့နစ်ဝင်သွား၏။ ဤအခြင်းအရာကို မြင်ရသော်လည်း လိစ္ဆဝီမင်းသားတို့သည် ပြန်လှည့်ရကောင်းမှန်း မသိကြသေးပေ။ သို့ဖြစ်၍ ဗန္ဓုလသည် ရထားပေါ်မှရပ်လျက် မြားတစ်စင်းကို လွှတ်လိုက်၏။ ထိုမြားသည် ရထားငါးရာလုံးကို ဖောက်ထွင်းကာ မြေကြီးထဲသို့ ဝင်သွားလေသည်။

လိစ္ဆဝီမင်းတို့သည် မိမိတို့ရင်ဘတ်တို့၌ မြားဖောက်သွားသည်ကို မသိကြသေးဘဲ "အချင်းရပ်လော့၊ အချင်းရပ်လော့"ဟု ကြွေးကြော်လျက် လိုက်မြဲလိုက်နေကြ၏။ ဗန္ဓုလသည် ရထားကို ရပ်ပေးပြီးလျှင် "သင်တို့သည် လူသေတို့သာတည်း။ လူသေများနှင့် ငါ စစ်မတိုက်လိုပေ၊ ငါ့စကားကို မယုံကြည်သော် နောက်ဆုံးဖြစ်သော လိစ္ဆဝီမင်းတို့၏ ချပ်ဝတ်စုံကို ချွတ်၍ ကြည့်ကြကုန်လော့"ဟု ဆို၏။ ချပ်ဝတ်စုံကို ချွတ်လိုက်သည်နှင့် တစ်ပြိုင်နက် လိစ္ဆဝီမင်းတို့သည် လဲကျသေဆုံးသွားကြ၏။ ဤတွင်ဗန္ဓုလက "သင်တို့လည်း မိမိအိမ်သို့ပြန်ကြကုန်။ သားမယားအား မှာစရာရှိသည်ကို မှာကြားပြီးမှ ချပ်ဝတ်စုံကို ချွတ်ကြကုန်"ဟု ပြောဆိုကာ သာဝတ္ထိမြို့တော်သို့ ပြန်လာခဲ့လေသည်။

ထို့နောက်တွင် မလ္လိကာသည် သားအမွှာ ဆယ့်ခြောက်ကြိမ်မျှ မွေးလေရာ သားသုံးဆယ့်နှစ်ယောက် ရလာလေသည်။ သားအားလုံးတို့သည်လည်း ဖအေတူဖြစ်ကာ ရဲရင့်ကြကုန်၏။ ခွန်အားဗလနှင့် ပြည့်ဝကြကုန်၏။ စစ်ပညာရပ်

http://www.dhammadownload.com



များကို ဆုံးခန်းတိုင် တတ်မြောက်ကုန်၏၊ သားတစ်ယောက်ယောက်မှာပင် အခြံအရံမြောက်များစွာ ပါလေရာ စစ်သူကြီးဗန္ဓုလနှင့်အတူ သူတို့အားလုံး နန်းတော်သို့ အခစားဝင်ကြသောအခါ နန်းရင်ပြင်သည် ဗန္ဓုလပရိသတ်နှင့်ပင် ပြည့်နေလေတော့သည်။

ကောသလမင်းကြီးသည် အနာထပိဏ်သူဌေးကြီး၊ အနာထပိဏ်သူဌေး ကလေး၊ ဝိသာခါနှင့် သုပ္ပဝါသာတို့နေအိမ်သို့ အမြဲမပြတ်ဆွမ်းဘုဉ်းပေးရန် ကြွသွား သော သံဃာတော်တို့ကို ဖူးမြင်ရသော် မိမိလည်း လှူဒါန်းလိုသဖြင့် ဘုရားရှင်နှင့် သံဃာတော်များအား နန်းတော်သို့ပင့်ကာ ခုနစ်ရက်တိုင်တိုင် ဆွမ်းဆက်ကပ်၏။ ထို့နောက်တွင်လည်း သံဃာတော်များ စေလွှတ်တော်မူပါရန် လျှောက်ထား၏။ ကောသလမင်းကြီးသည် စောစောပိုင်းမှာ ကိုယ်တိုင် စီမံခန့်ခွဲ၍ သံဃာတော်များ အား ဆွမ်းကပ်၏။ ရှစ်ရက်မျှ ကြာသွားလျှင်ကား မင်းမှုကိစ္စများနေသဖြင့် စီမံ ခန့်ခွဲမှု မပြုမိတော့ချေ။ မင်းတို့၏ နန်းတော်မည်သည် တာဝန်ရှိသူတို့က မစေခိုင်း ဘဲ တစ်စုံတစ်ရာပြုလုပ်ခွင့် မရကြသဖြင့် အမှုထမ်းတို့သည် သံဃာတော်အတွက် တစ်စုံတစ်ရာ ဆောင်ရွက်မပေးဝံ့ကြပေ။ ဤတွင် ရဟန်းများသည် နန်းတော်မှ ထွက်ခွာ၍ ယခင် သွားနေကြအိမ်များသို့သာ သွားကြ၏။ အရှင်အာနန္ဒာတစ်ပါး တည်းသာလျှင် ကောသလမင်းကြီး၏ သဒ္ဓါတရားကို ထောက်ထား၍ ဆက်လက် ကြွရောက်နေလေသည်။

ရဟန်းများကြွပြီးနောက် ကောသလမင်းကြီးလာ၍ ကြည့်ရှုသောအခါ ချက်ပြုတ်ထားပြီးသော ဆွမ်းနှင့် ဟင်းများ အရာမယွင်းဘဲ တည်ရှိနေသည်ကို တွေ့ရသဖြင့် ဘုရားရှင်ထံ လာရောက်လျှောက်ထား၏။ ဘုရားရှင်က "မင်းကြီး၊ ငါဘုရား၏ တပည့်တို့သည် မင်းကြီးနှင့် အကျွမ်းဝင်ခြင်း မရှိကြသေးချေ။ ထို့ကြောင့် မကြွရောက်ခြင်းဖြစ်ပေလိမ့်မည်"ဟု မိန့်ကြားတော်မူလေသည်။

ကောသလမင်းကြီးသည် "ငါသည် ရဟန်းသံဃာနှင့် အကျွမ်းတဝင် ပြုသင့်၏။ ဘုရားရှင်၏ ဆွေမျိုးထဲမှ မင်းသမီးတစ်ပါးကို နန်းတော်သို့ ခေါ်ထား သင့်၏။ ဤသို့ဆိုလျှင် ရဟန်းငယ်နှင့် သာမဏေတို့သည် ဘုရားရှင်၏ ဆွေမျိုး မင်းကြီးဟူ၍ အကျွမ်းတဝင်ဖြစ်ကာ နန်းတော်သို့ မပြတ်တမ်း လာကြကုန် လတ္တံ့"ဟု ကြံစည်မိ၏။ ထိုအကြံကို တင်ပြရာ သကျမင်းတို့သည် စစ်သည်ဗိုလ်ပါ များပြားလှသော ကောသလမင်းကြီးကိုလည်း မဆန့်ကျင်ရဲပေ။ မိမိတို့အမျိုးထဲမှ

မင်းသမီးကိုလည်း အမျိုးချင်းမတူသော ကောသလမင်းကြီးအား မပေးလိုချေ။ သို့ဖြစ်၍ ဘုရားရှင်၏ နောင်တော်ကြီး မဟာနာမ်နှင့် ကျွန်မတို့မှမွေးဖွားသော ဝါသဘခတ္တိယာ မင်းသမီးကိုပေးရန် သဘောတူဆုံးဖြတ်ကြလေသည်။

သာဝတ္ထိမြို့တော်မှ သဝဏ်လွှာ ယူဆောင်လာကြသော သံတမန်တို့ ယုံကြည်စိတ်ချစေရန် မဟာနာမ်မင်းကြီးသည် ဝါသဘခတ္တိယာနှင့်အတူ ထမင်းတစ်ပွဲတည်းမှာထိုင်ကာ စားဟန်ပြု၍ ပြ၏။ ဤတွင် သံတမန်တို့က "ကျွန်မသမီး မဟုတ်၊ မင်းသမီးဖြစ်သည်" ဟု စိတ်ချယုံကြည်ကာ သာဝတ္ထိမြို့တော်သို့ ဆောင်ယူသွားကြ၏။ ကောသလမင်းကြီးသည် ဝါသဘခတ္တိယာကို နှစ်သက်မြတ်နိုးသဖြင့် မိဖုရားခေါင်ကြီးအဖြစ် အဘိသိက်သွန်း၍ ချီးမြှောက်ထားလေသည်။

ဝါသဘခတ္တိယာသည် သားတော်ကလေးတစ်ယောက် ဖွားမြောက်လာလေရာ ကောသလမင်းကြီးသည် မယ်တော်ဘက်မှ ဆွေမျိုးများက ကြိုက်နှစ်သက်ရာ အမည်ကို မှည့်ခေါ်ကြရန် ကပိလဝတ်မြို့သို့ သံတမန်စေလွှတ်လိုက်၏။ မဟာနာမ်မင်းကြီးသည် "ဝါသဘခတ္တိယာသည် ယခုအခါ မင်းနှင့်အလွန်တရာ အကျွမ်းဝင်နေသည်ဖြစ်လတ္တံ့" ဟု မိန့်ဆို၏။ အကျွမ်းဝင်ခြင်းဟူသော အနက်ကို ပါဠိဘာသာအားဖြင့် "ဝလ္လဘာ" ဟူသော သဒ္ဒါဖြင့် ပြောကြားရသဖြင့် ထိုဝလ္လဘာ ဟူသော အသံကို သံတမန်က နားခပ်လေးလေးဖြစ်၍ ဝိဋူဍဘဟူ၍ ကြားလိုက်မိ၏။ ထိုအသံသည်ပင် ဘိုးတော်မဟာနာမ်မင်းကြီးက မြေးတော်အတွက် ပေးလိုက်သော နာမည်ဟု မှတ်ယူလာခဲ့၏။ သို့ဖြစ်၍ သားတော်ကလေးမှာ ခမည်းတော်ဘက်၊ မယ်တော်ဘက်မှ အမည်တစ်ခုကိုမျှ မခံယူရဘဲ ဝိဋူဍဘဟူသောအမည် တွင်လာရပေတော့သည်။

ဝိဋူဍဘမင်းသား အသက်ခုနစ်နှစ်အရွယ် ရောက်လာသောအခါ အခြားမင်းသားများထံသို့ သူတို့အဘွားများက ကစားစရာအရုပ်များ ပေးပို့ကြသည်ကို သတိပြုမိကြ၏။ သို့ဖြစ်၍ မယ်တော်ထံဝင်ရောက်၍ ထိုအကြောင်းကို ပြောပြီးလျှင် "မယ်တော့်မှာ မယ်တော်၊ ခမည်းတော်တို့ မရှိပါသလော"ဟု မေးမြန်း၏။ ဝါသဘခတ္တိယာက "သားတော် မယ်တော့်မှာ မယ်တော်၊ ခမည်းတော်တို့ရှိပါသည်။ ဝေးလံလှစွာသော ကပိလဝတ်မြို့တော်မှာနေကြသဖြင့် သားတော်ထံ လက်ဆောင် မပို့နိုင်ကြပေ"ဟု လှည့်ပတ်၍ ပြောပြရ၏။ ထို့နောက် ဝိဋူဍဘမင်းသား ဆယ်

http://www.dhammadownload.com



ခြောက်နှစ်အရွယ် ရောက်သောအခါ ဘိုးတော်ဘွားတော်များအထံ အဖူးအမြော် သွားလိုပါကြောင်း ခွင့်တောင်းပြန်၏။ မယ်တော်က အကြိမ်ကြိမ် တားမြစ်ပါသော်လည်း မရသဖြင့် နောက်ဆုံးတွင် ခွင့်ပြုလိုက်ရ၏။ တစ်ဖက်မှလည်း သကျမင်းများထံသို့ "ကျွန်တော်မသည် နန်းတော်၌ ချမ်းသာစွာနေရပါ၏။ ဖခင်တို့သည် သားတော်အတွက် အနှောင့်အယှက် မပြုကြပါကုန်လင့်" ဟု သဝဏ်လွှာ ပါးထားရလေသည်။

သကျမင်းတို့သည် ဝိဋူဍဘကို ရှိမခိုးလိုကြသဖြင့် သူ့ထက်ငယ်သော မင်းညီမင်းသားတို့ကို တောရွာဇနပုဒ်သို့ စေလွှတ်ကြ၏။ သို့ဖြစ်၍ ဝိဋူဍဘ ရောက်လာသောအခါ မိမိထက် ကြီးသူများကိုသာ ရှိခိုးရ၍ မိမိကို ရှိခိုးမည့် သူကိုကား တစ်စုံတစ်ယောက်မျှ မတွေ့ရပေ။ ဝိဋူဍဘသည် ထိုအကြောင်းကို မည်သို့မျှ ထူးထူးခြားခြား မတွေးတောဘဲ နှစ်ရက်သုံးရက်မျှ ကပိလဝတ်နန်းတော်မှာ နေထိုင်၏။ ထိုမှပြန်လာသော အခါတွင်မူကား ဝိဋူဍဘမှာ စိတ်ဖြေ၍ မရနိုင်လောက်အောင် နာကြည်း၍ သွားရလေတော့သည်။

ဝိဋူဍဘပြန်လာသောအခါ သူ၏မင်းချင်းတစ်ယောက်သည် လက်နက်မေ့ကျန်နေရစ်သဖြင့် မင်းကွန်းသို့ပြန်ပြီးယူ၏။ ထိုစဉ်ခိုက်တွင် ကျွန်မတစ်ယောက်သည် ဝိဋူဍဘထိုင်သော နေရာကို နွားနို့ရေသော ရေဖြင့် ဆေးကြောရင်း "ဝါသဘခတ္တိယာ ကျွန်မ၏သား ထိုင်ခဲ့သောနေရာတည်း"ဟု ဆဲဆိုရေရွတ်နေ၏။ ထိုကျွန်မ၏ ဆဲဆိုရေရွတ်ပုံကို လျှောက်တင်လိုက်သောအခါ ဝိဋူဍဘမင်းသားသည် "ငါထိုင်ခဲ့သောနေရာကို နွားနို့ရည်ဖြင့် ဆေးကြောနှင့်ကြဦး။ ငါမင်းဖြစ်သောအခါ သူတို့၏ လည်ချောင်းသွေးဖြင့်ပင် ထိုနေရာကို ဆေးကြောအံ့"ဟု ဆုံးဖြတ်ချက် ချထားလိုက်လေတော့သည်။

ဝါသဘခတ္တိယာသည် ကျွန်မ၏သမီးတည်းဟု သိရသောအခါ ကောသလမင်းကြီးသည် သူတို့သားအမိ၏ စည်းစိမ်အားလုံးကို ရုပ်သိမ်းကာ ကျေးကျွန်တို့၏ အဆင့်အတန်းကို လျှော့ချလိုက်၏။ ရက်အနည်းငယ်လွန်သောအခါ ဘုရားရှင်သည် နန်းတော်သို့ ကြွတော်မူ၍ "မင်းကြီး၊ အမိမျိုးသည် ပမာဏ မဟုတ်၊ အဖမျိုးသာလျှင် ပမာဏဖြစ်၏။ ဝါသဘခတ္တိယာသည် မဟာနာမ်မင်းကြီး၏ သမီးတော်သာဖြစ်၏။ ရှေးပညာရှိတို့သည် ထင်းခွေသည်မ တစ်ယောက်အား

http://www.dhammadownload.com



မိဖုရားခေါင်ကြီးနေရာ၌ ထားပြီးဖူးလေပြီ"ဟု မိန့်တော်မူကာ ကဋ္ဌဝါဟနဇာတ်ကို ဟောတော်မူ၏။ ဤတွင် ကောသလမင်းကြီးကျေနပ်သွားကာ ဝိဋ္ဋူဘတို့ သားအမိအား ယခင်အတိုင်း ပြန်လည်ချီးမြှောက်လေသည်။

(ကဋ္ဌဝါဟနဇာတ်ကို ဧကနိပါတ် ဇာတ်အဋ္ဌကထာ၌ ရှုပါ။)

တစ်နေ့သ၌ တရားရုံးတော်မှ ရှုံးနိမ့်လာခဲ့ကြသူများသည် ဗန္ဓုလထံသို့ လာရောက်ကာ တရားသူကြီးက မိမိတို့အား မတရားသဖြင့် အရှုံးချလိုက်ပုံကို တိုင်ကြားကြ၏။ ဗန္ဓုလသည် ထိုဖြတ်ထုံးကို သေသေချာချာ လေ့လာသုံးသပ်ပြီးလျှင် ထိုသူတို့ နိုင်ထိုက်နေသည်ကိုတွေ့ရသဖြင့် အချင်းဖြစ်ပွားနေသော စည်းစိမ်ဥစ္စာများကို ထိုသူတို့အား ပေးလိုက်၏။ ဤတွင် တိုင်းသူပြည်သားတို့က အားရဝမ်းသာ ကောင်းချီးပေးကြလေရာ ကောသလမင်းကြီးကလည်း စစ်သူကြီး ဗန္ဓုလအား တရားသူကြီးတာဝန်ကိုပါ ထမ်းဆောင်ရန် တာဝန်ပေးလိုက်လေသည်။

ဗန္ဓုလသည် တရားတပေါင်ဖြစ်ပွားလေသမျှကို တိကျမှန်ကန်စွာ စစ်ဆေးဆုံးဖြတ်၍ ပေးနေလေရာ လာဘ်စားခဲ့သော တရားသူကြီးဟောင်းများမှာလည်း လာဘ်တိတ်ကြရ၏။ ဤတွင် ထိုတရားသူကြီးဟောင်းတို့က ကောသလမင်းကြီးထံချဉ်းကပ်ကာ "ဗန္ဓုလသည် မင်းအဖြစ်ကို တောင့်တနေ၏"ဟု လျှောက်တင်ကုန်ကြ၏။ ကောသလမင်းကြီးသည် ဗန္ဓုလ၏ များပြားလှသော ပရိသတ်ကို အကြောင်းပြုကာ ထိုစကားကို ပယ်ရှားရန် မတတ်နိုင်ပေ။ သို့ဖြစ်၍ တိုင်းစွန် နယ်ဖျား၌ သူပုန်ထနေစေရန် သူလျှိုများကို စေလွှတ်၍ ခိုင်းစေပြီးမှ ထိုသူပုန်ရန် နှိမ်နင်းရန် ဗန္ဓုလနှင့် သားများအား စေလွှတ်လိုက်၏။ ဗန္ဓုလတို့ ရောက်လာသောအခါ သူတို့အားလုံးကရှောင်၍ နေကြကုန်၏။ ဤသို့ဖြင့် ဗန္ဓုလတို့သည် တိုင်းစွန်နယ်ဖျားကို ငြိမ်သက်အေးချမ်းအောင် ဆောင်ရွက်ကာ သာဝတ္ထိမြို့တော်သို့ ပြန်လာကြ၏။ ထိုအပြန်လမ်းမှာပင် ကောသလမင်းကြီး စေလွှတ်ထားသော သူများက ဗန္ဓုလနှင့်တကွ သားသုံးဆယ့်နှစ်ယောက်ကို ခေါင်းဖြတ်၍ သတ်လိုက်ကြလေသည်။

ထိုနေ့မှာပင် စစ်သူကြီးကတော် မလ္လိကာသည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့နှင့်တကွ သံဃာတော်ငါးရာအား အိမ်သို့ပင့်၍ ဆွမ်းလုပ်ကျွေးနေ၏။ အိမ်ရှိ အမှုထမ်းမိန်းမတို့သည် ရဟန်းတို့အား ဆွမ်းလိုက်နေစဉ် ထောပတ်အိုးကို ယူဆောင်လာကြရာ မထေရ်၏ ရှေ့မှာပင် ထောပတ်အိုး ကျ၍ကွဲ၏။

http://www.dhammadownload.com



ဓမ္မသေနာပတိဖြစ်သော အရှင်သာရိပုတ္တရာက "ကွဲတတ်သော သဘောတရားသည် ကွဲပေ၏။ စိုးရိမ်ပူပန်ခြင်း မရှိလင့်" ဟု မိန့်ကြား၏။ ဤတွင် မလ္လိကာဒါယိကာမကြီးသည် ရင်ခွင်ကြားမှ သို၀ှက်ထားသော စာလွှာကိုထုတ်ယူကာ "အရှင်ဘုရား၊ ဗန္ဓုလနှင့်တကွ သားသုံးဆယ့်နှစ်ယောက်စလုံး ခေါင်းဖြတ်၍ အသတ်ခံရကြောင်း ဤစာလွှာမှာ ရေးသားထားပါသည်။ ဤစာလွှာကို စောစောကပင် ရခဲ့သော်လည်း တပည့်တော်မသည် တစ်စုံတစ်ရာ တုန်လှုပ်ချောက်ချားခြင်း မရှိဘဲ စိတ်နှလုံး တည်ငြိမ်စွာ ပြုစုလုပ်ကျွေးခဲ့ပါသည် ဘုရား"ဟု လျှောက်ထား၏။ အရှင်သာရိပုတ္တရာလည်း "အနိမိတ္တ မနညာတံ" အစရှိသော သလ္လသုတ်လာဂါထာတို့ကို ဟောကြားတော်မူကာ သံဃာတော်များနှင့်အတူ ကျောင်းတော်သို့ ပြန်ကြွသွားလေသည်။

ထို့နောက် မလ္လိကာသည် ချွေးမသုံးဆယ့်နှစ်ယောက်ကို ခေါ်ယူပြီးလျှင် "သမီးတို့၊ သင်တို့၏ ခင်ပွန်းသည်တို့သည် အပြစ်မရှိကြသော်လည်း ရှေးရှေးက ပြုခဲ့မိသော အကုသိုလ်ကံအားလျော်စွာ သေဆုံးကြရချေပြီ။ သင်တို့မပူဆွေးကြနှင့်၊ မငိုကြွေးကြနှင့်၊ မင်းကြီးအပေါ် စိတ်မပြစ်မှားကြနှင့်" ဟု ပြောဆိုဆုံးမ၏။ ထိုစကားကို မင်းလွှတ်ထားသော သူလျှိုများကြားသိ၍ မင်းထံတင်လျှောက်ကြ၏။ ကောသလမင်းကြီးက မလ္လိကာအား ခေါ်ယူပြီးလျှင် လိုအပ်သောဆုကို တောင်းရန် ခွင့်ပေး၏။ မလ္လိကာသည် ချွေးမများအား သူတို့မိဘများထံ ပြန်ပို့ခွင့်နှင့် မိမိအား မိမိရပ်ထံ ကုသိနာရုံမြို့သို့ ပြန်ခွင့်ပြုရန်ဟူသော ဆုကိုသာ တောင်းယူ၏။ ကောသလမင်းကြီးကလည်း မလ္လိကာ၏ ဆန္ဒအတိုင်း ဆောင်ရွက်ပေးရန် မိန့်ကြားလိုက်လေသည်။

ကောသလမင်းကြီးသည် အပြစ်မရှိသော ဗန္ဓုလနှင့်သားများအား သတ်ဖြတ်ပြီးသည်မှစ၍ စိတ်နှလုံးမသာမယာ ဖြစ်နေရ၏။ မင်းစည်းစိမ်ကို ခံစားနေရသော်လည်း စိတ်နှလုံး မချမ်းသာနိုင်တော့ပေ။ သို့ဖြစ်၍ စိတ်သက်သာမှု ရလိုရငြား ဘုရားရှင်ရှိရာသို့ ထွက်လာခဲ့၏။ ထိုစဉ်တုန်းက ဘုရားရှင်သည် သကျမင်းတို့၏ နယ်မြေအတွင်းရှိ မေဒဠုပမည်သော ရွာနိဂုံးကို အမှီပြု၍ နေတော်မူ၏။ ကောသလမင်းကြီးသည် ဘုရားကျောင်းတော်မှ မနီးမဝေးတွင် သစ်ခက်တဲနန်း ထိုးစေပြီးလျှင် အခြွေအရံ အနည်းငယ်မျှဖြင့် ဘုရားရှင်ထံသို့ သွားရောက်လေသည်။

http://www.dhammadownload.com



ဗန္ဓုလ၏စစ်သူကြီးအရာကို တူဖြစ်သူ ဒီဃကာရာယနထံသို့ ကောသလမင်းကြီးက လွှဲအပ်ထားပြီးဖြစ်၏။ ဒီဃကာရာယနသည် စစ်သူကြီးအရာကို ရရှိလာသော်လည်း ကောသလမင်းကြီးအား မကျေချမ်းနိုင်ပေ။ အပြစ်မရှိသော မိမိ၏ ဦးကြီးတော်အား လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် လက်စားချေခွင့်ကိုသာ ရှာဖွေလျက် ရှိ၏။ ထိုနေ့က ကောသလမင်းကြီးနှင့်အတူ ဘုရားကျောင်းတော်သို့ လိုက်ပါသွားသူများတွင် ဒီဃကာရာယနလည်း ပါဝင်၏။ ကောသလမင်းကြီးသည် ဒီဃကာရာယန၏ အကြံအစည်ကိုမရိပ်မိဘဲ မိမိ၏မင်းမြောက်တန်ဆာ ငါးပါးကို ဒီဃကာရာယနထံ အပ်နှံကာ ဘုရားရှင်ထံ ဝင်၍ဖူးမြော်၏။ ရှိခိုး၏။ မင်းကြီး ဘုရားရှင်ထံ ဝင်ရောက်နေစဉ်မှာပင် ဒီဃကာရာယန စစ်သူကြီးသည် ဝိဋ္ဋူဘမင်းသားထံသို့ မင်းမြောက်တန်ဆာ ငါးပါးကိုပေးဆက်၍ မင်းမြှောက်လိုက်၏။ ထို့နောက် ကောသလမင်းကြီးအတွက် မြင်းတစ်စီးနှင့် အလုပ်အကျွေး မိန်းမတစ်ယောက်ကိုသာ ချန်ထားကာ သူတို့အားလုံး သာဝတ္ထိမြို့တော်သို့ ပြန်သွားကြလေသည်။

(ဤအကြောင်း အကုံအလင်ကို မဇ္ဈိမပဏ္ဏာသ၊ ဓမ္မစေတီယသုတ် ပါဠိတော် အဋ္ဌကထာတို့၌ ရှုပါ။)

ကောသလမင်းကြီးသည် ဘုရားရှင်နှင့်အတူ ချစ်ခင်ရင်းနှီးစွာ စကားပြောဆိုပြီးနောက် ပြန်ထွက်လာ၏။ အလုပ်အကျွေး မိန်းမကို မေးမြန်း၍ အဖြစ်အပျက်များကို သိရသောအခါ "ငါ၏တူတော် အဇာတသတ်မင်းကို သွားခေါ်ပြီး ဝိဋ္ဋူဘကို အဖမ်းခိုင်းမည်"ဟု ဆိုကာ ရာဇဂြိုဟ်မြို့တော်သို့ လာခဲ့ကြ၏။ ရာဇဂြိုဟ်မြို့တော်သို့ ရောက်လာသောအခါ ညအချိန်ဖြစ်နေသဖြင့် မြို့တံခါးများ ပိတ်ထားကြချေပြီ။ ဤသို့ဖြင့် ကောသလမင်းကြီးသည် မြို့တံခါးအပြင်ဘက် ဇရပ်တစ်ဆောင်မှာသာ တစ်ညလုံးနေရ၏။ အသက်အရွယ်ရင့်ဆယ်မှု ရှိရသည့်တွင် တစ်နေ့ခင်းလုံး ခရီးကပန်းလာရ၏။ လေပူနေပူဒဏ်ကို ခံလာရ၏။ တည်းခိုရသော ဇရပ်မှာလည်း အကာအရံ လုံလောက်စွာမရှိပေ။ သို့ဖြစ်၍ ထိုဒဏ်အားလုံးက စုပေါင်း၍ နှိပ်စက်သဖြင့် ကောသလမင်းကြီးမှာ စိတ်ထောင်းကိုယ်ကြေဖြစ်၍ ကွယ်လွန်ရလေတော့သည်။

ဤအကြောင်းကို အဇာတသတ်မင်း ကြားသိရသောအခါ ဦးရီးတော်၏ အလောင်းကို ကြီးကျယ်စွာ ပူဇော်ပွဲကျင်းပ၍ သဂြိုဟ်လေသည်။

ဝိဋ္ဋူဘသည် ကောသလတိုင်းကြီး၏ မင်းအဖြစ်ကို ရပြီးနောက် သကျမင်းတို့၏ စော်ကားမော်ကား ပြုခဲ့ပုံကို ပြန်လည်အောက်မေ့ကာ "သကျအားလုံး

http://www.dhammadownload.com



ကို သတ်အံ့"ဟု ကြိမ်းဝါးလျက် စစ်ချီ၍ ထွက်လာ၏။ ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့၏ သေဘေးကို ရှုမြင်တော်မူကာ ကောင်းကင်ခရီးဖြင့် ကောသလတိုင်းနှင့် သကျတို့နယ်မြေ ထိစပ်ရာအရပ်သို့ ကြွတော်မူနေ၏။ ကောသလတိုင်းဘက်၌ အရိပ်ကောင်းလှသော ပညောင်ပင်ကြီးရှိနေ၏။ သကျတို့၏ နယ်မြေဘက်၌ အရိပ်ကျဲလှသော သစ်ပင်တစ်ပင်ရှိနေ၏။ ဘုရားရှင်သည် အရိပ်ကောင်းလှသော ပညောင်ပင်ကြီးအောက်တွင် သီတင်းသုံးတော်မမူဘဲ အရိပ်ကျဲလှသော သစ်ပင်အောက်တွင်သာ သီတင်းသုံးတော်မူလေသည်။

ဝိဋူဍဘသည် ဤနေရာသို့ ရောက်လာပြီးနောက် ဘုရားရှင်ထံဝင်ရောက်၍ ရှိခိုးဦးချပြီးလျှင် "အရှင်ဘုရား၊ အရိပ်ကောင်းလှသော သစ်ပင်ကြီးအောက်မှာ သီတင်းသုံးတော်မမူဘဲ အဘယ့်ကြောင့် အရိပ်ကျဲသော သစ်ပင်အောက်၌ သီတင်းသုံးတော်မူရပါသနည်း"ဟု မေးလျှောက်၏။ ဘုရားရှင်က "မင်းကြီး၊ ဆွေမျိုးတို့၏ အရိပ်သည် အေးမြပေ၏"ဟု မိန့်တော်မူ၏။ ဝိဋူဍဘမင်းသည် "မြတ်စွာဘုရားကား ဆွေတော်မျိုးတော်များအား စောင့်ရှောက်ရန် ကြွတော်မူလာခြင်းဖြစ်လတ္တံ့"ဟု တွေးတောကာ ထိုနေရာမှ ပြန်ဆုတ်လာခဲ့လေသည်။

ဤသို့နှစ်ကြိမ်မှ သုံးကြိမ်တိုင်တိုင် တပ်ကြီးပြန်၍ ဆုတ်ပြီးလျှင် ဝိဋူဍဘမင်းသည် လေးကြိမ်မြောက်စစ်ချီပြီး၍ လာပြန်၏။ ထိုအကြိမ်တွင်ကား ဘုရားရှင်ကြွချီတော်မမူတော့ပေ။ သကျဆွေတော်မျိုးတော်များသည် ရှေးဘဝတစ်ခုတုန်းက မြစ်ထဲမှာ ငါးများကို အဆိပ်ခတ်၍ သတ်ခဲ့ဖူးသောကံကို ရှုမြင်တော်မူကာ ထိုကံကို တားမြစ်၍ မရတော့သဖြင့် လျစ်လျူရှုတော်မူရ၏။ ဝိဋူဍဘမင်းသည် ဘိုးတော်မဟာနာမ်နှင့် သူ့အခြွေအရံတို့ကိုသာ ချန်လှပ်ကာ သကျမင်းသား မင်းသမီးအားလုံး နို့စို့ကလေးပါမကျန် သတ်ဖြတ်လိုက်လေသည်။

ဝိဋူဍဘမင်းသည် ဘိုးတော်မဟာနာမ်မင်းကို ခေါ်ယူ၍ ပြန်လာခဲ့ရာ နံနက်စာ စားသောက်ချိန်အရောက်တွင် ပွဲတော်တည်ရန် ပြင်ဆင်၏။ ဘိုးတော်မဟာနာမ်မင်းကြီးအား အတူတကွ စားသောက်ရန် ပင့်ခေါ်၏။ မဟာနာမ်မင်းကြီးသည် ကျွန်မ၏သားနှင့်အတူ မစားလိုသဖြင့် "ရေချိုးဦးမည်"ဟု ဆိုကာ ရေကန်ဆီသို့ လာပြီးလျှင် ဝိဋူဍဘ၏ အသတ်ကိုမခံဘဲ မိမိဘာသာ သတ်သေရန် ရေကန်ထဲသို့ ဆင်းလိုက်၏။ ဤတွင် နဂါးမင်းသည် မဟာနာမ်မင်းကြီးအား နဂါးပြည်သို့ ပင့်ဆောင်၍ ပြုစုလုပ်ကျွေးထားလေသည်။

http://www.dhammadownload.com



ဝိဋူဋဘမင်းသည် ဘိုးတော် မဟာနာမ်မင်းကြီးကို ရှာဖွေ၍ မရတော့သဖြင့် မိမိ၏တပ်ကြီးနှင့်အတူ ပြန်လာကာ အစိရဝတီ မြစ်ကမ်းပါး၌ ညဉ့်အိပ်ရပ်နား၏။ စစ်တပ်ကြီးအတွင်း၌ အကုသိုလ်ကံအကျိုးပေးရန် အလှည့်မသင့်သေးသူများကား နိမ့်ရာမှမြင့်ရာသို့ တက်၍ အိပ်ကြကုန်၏။ အကုသိုလ်အကျိုးပေးအလှည့်သင့်သူများမှာလည်း မြင့်ရာမှနိမ့်ရာသို့ ဆင်း၍ အိပ်မိကြကုန်၏။ ထိုစဉ်အခိုက်တွင် မိုးကြီး သည်းစွာရွာသွန်း၍ အစိရဝတီမြစ်အတွင်း၌ ရေအလျဉ်ကြီးဆင်းလာလေရာ ဝိဋူဋဘမင်းနှင့်အတူ အနိမ့်မှာအိပ်နေသော စစ်သည်ဗိုလ်ပါအပေါင်းကို လွှမ်းမိုး တိုက်ယူသွားလေသည်။

ဤအကြောင်းကို ရဟန်းများက ပြောဆိုနေကြရာ ဘုရားရှင်ကြွတော်မူ၍ "ရဟန်းတို့၊ ဤသတ္တဝါတို့၏ အလိုဆန္ဒ မပြည့်ဝမီမှာပင် သေမင်းကလာ၍ ခေါ်ကာ အပါယ်လေးပါးသို့ ပို့ဆောင်တတ်စေသည်"ဟု မိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၄၈။ ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့၌ လွန်စွာ ကပ်ငြိတွယ်တာစိတ်ရှိနေသော၊ ကာမဂုဏ်တို့၌ မရောင့်ရဲသောသူကို သေမင်းယုတ်သည် မိမိ၏အလိုအတိုင်း ပြုလုပ်သည်။

## ပတိပူဇိကာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပတိပူဇိကာ အမည်ရှိသော အမျိုးသမီးတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တာဝတိံသာနတ်ပြည်မှ မာလာဘာရီနတ်သားသည် နတ်သမီးတစ်ထောင်နှင့်တကွ ဥယျာဉ်ကစားလျက်ရှိနေစဉ် နတ်သမီးတစ်ယောက်သည် သစ်ကိုင်းပေါ်မှပင် စုတေစိတ်ကျ၏။ စုတေစိတ်ကျသည်နှင့် တစ်ပြိုင်နက် သူ၏ခန္ဓာကိုယ်သည် ဆီကုန်ခန်းသွားသော ဆီမီးတောက်ကဲ့သို့ ချုပ်ပျောက်သွားပြီးလျှင် သာဝတ္ထိမြို့တော်မှ အိမ်တစ်အိမ်တွင် မွေးဖွားလာ၏။ ထိုသတို့သမီးငယ်သည် ယခင်ဘဝကိုပြန်လည် အောက်မေ့နိုင်သော ဇာတိဿရဉာဏ်ကို ရရှိသဖြင့် မိမိကိုယ်ကို မာလာဘာရီနတ်သား၏ မယားဟုပင် မှတ်ထင်နေ၏။ တစ်ဆယ့်